
## ၁၃။ ဖောငမြှောင်တောင်

**Fall Armyworm : *Spodoptera frugiperda* (J. E. Smith, 1797)**

### ဖျက်ကောင် ပုံသဏ္ဍာန် များ



**အကောင်ကြီး(အမ)**



**အကောင်ကြီး(အထီး**



**လောက်ကောင်**

အရွယ်ရောက်အကောင်ကြီး အတောင်အရှည်မှာ (၃၂–၄၀)မီလီမီတာ ရှိသည်။အကောင်ကြီး (အထီး)၏ ရှေ့အတောင်၌ ကျောက်ကပ်ပုံ အစက်ပုံစံ တွင်အနက်ရောင် အနားသတ် ခပ်မှိန်မှိန်ရှိခြင်းနှင့် “ဗွီ” (V)ပုံ အမှတ်အသားပါရှိခြင်း၊ အညိုဖျော့ရောင် ဘဲဥပုံ အစက်အပြောက်နှင့် သိသာထင်ရှားသည့် ကန့်လန့်ဖြတ် အစင်း တစ်ခုပါရှိခြင်း၊ ရှေ့အတောင်၏ ထိပ်ဖျားပိုင်းအနီးတွင် အနက်ရောင် အစက်အတန်းပါရှိ ခြင်းတို့ဖြစ်သည်။ အကောင်ကြီး) အမ( ၏ အတောင်မှာ ထင်ရှားသော အမှတ်အသားနည်း ပြီး ညီညာသော မီးခိုးညိုရောင် အပေါ်သေးငယ်သော ပြောက်ကျားအစက်များရှိသည်။ အထီး အမတို့၏နောက်အတောင်မှာ ငွေမျှင်အဖြူရောင်ရှိပြီး ခပ်မှိန်မှိန်အရောင်အနား သတ်ရှိသည်။

အရွယ်ရောက်လောက်ကောင်၏ ဦးခေါင်းမျက်နှာပိုင်းပေါ်တွင် အဖြူရောင်အင်္ဂလိပ်အက္ခရာ “Y” ပြောင်းပြန်ပုံသဏ္ဍာန်ရှိခြင်း၊ ခန္ဓာကိုယ်နောက်ဆုံးအဆစ်အပေါ်ဘက်တွင် အနက်ရောင်အစက် (၄)စက် ထင်ရှားပြီး စတုရန်းပုံရှိနေခြင်း၊ ကျောလယ်ရှိအစင်းသည် ဘေးဘက်တွင်ရှိသော အစင်း (အနက်ရောင်အစင်း) များ ထက်ပို၍ ကျယ်ပြန့်ပြီး အရောင်ဖျော့ခြင်းများတွေ့ရသည်။

**ဖျက်ဆီးပုံလက္ခဏာများ**





အပင်ငယ်စဉ်တွင် ဆိုးရွားစွာ ကျရောက်ပါက ခေါင်ညွန့်သေခြင်း လက္ခဏာကို ထင်ရှားစွာ တွေ့ရသည်။ ဆိုးဆိုးရွားရွားကျရောက်ပါက အရွက်ရိုးတံများသာ ကျန်ရှိသည်ကို တွေ့ရသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – (၂-၃) ရက်

လောက်ကောင် အဆင့် – (၁၄–၃၀ ) ရက်

ရုပ်ဖုံး အဆင့် – (၈–၃၀) ရက်

အကောင်ကြီး အဆင့် –(၁၀)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) လောက်ကောင်နှင့် ရုပ်ဖုံးများသေစေရန် ထယ်ထိုးထွန်မွှေနက်နက်ပြုလုပ်ပါ။

(၂) ပေါင်းမြက်များအား ရှင်းလင်းပါ။ ပင်ကြွင်းပင်ကျန်များအား မီးရှို့ပါ။

(၃) မစိုက်မီ မြေကြီးထဲသို့ တစ်ကေလျှင်တမာကြိတ်ဖတ် (၅၀-၆၀) ပိသာထည့်သွင်းပါ။

(၄) သက်တမ်းတူသော မျိုးများကို စိုက်ချိန်တစ်ပြိုင်နက်ထဲ စိုက်ပျိုးပါ။

(၅) မျိုးစေ့လူးနယ်ဆေးအသုံးပြုပါ။ (Imidacloprid 600FS/ Imidacloprid 70SS, Cyantraniliprole 24% + Thiamethoxam 24% w/v FS)

(၆) ဖီရိုမုန်းထောင်ချောက်များဖြင့် စိုက်ခင်းအတွင်းရှိ ဖလံထီးများအား ဖမ်းယူ ကင်းထောက်ပါ။

(၇) ဥမြုံနှင့်လောက်ကောင်များအား လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၈) *Trichogramma* (ဥကပ်ပါးနကျီ) များအား စိုက်ခင်းအတွင်းလွှတ်ပေးပါ။

(၉)ဘက်တီးရီးယား )*Bacillus thuringiensis*)အသုံးပြုနှိမ်နင်းပါ။
(၁၀)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- ဖလူဗန်ဒိုင်ယာမိုက် (Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော (Chlorantraniliprole)
- အင်ဒိုဇာကပ် (Indoxacarb)
- အင်ဒိုဇာကပ် + လန်မ်ဒါဆိုင်ဟေလိုသရင် (Indoxacarb + Lambda cyhalothrin)
- အီမာမက်တင်ဘန်ဇိုရိတ်+ လန်မ်ဒါဆိုင်ဟေလိုသရင် (Emamectin benzoate+ Lambda cyhalothrin)
- ဆိုင်ပါမီသရင် + အီမာမက်တင်ဘန်ဇိုရိတ်(Cypermethrin 3% + Emamectin Benzoate)